# တိုကျိုမြို့လူမျိုးပေါင်းစုံပူးပေါင်းနေထိုင်ရေး
# စည်းရုံးလှုပ်ရှားမှု အခြေခံလမ်းစဉ်

2019 မတ်လ

တိုကျိုမြို့

## ဝေါဟာရအဓိပ္ပာယ်ဖွင့်ဆိုချက်

* လူမျိုးပေါင်းစုံပူးပေါင်းနေထိုင်ခြင်းဆိုသည်မှာ "နိုင်ငံသား၊ လူမျိုးစုစသဖြင့်မတူညီသူများအချင်းချင်းယဉ်ကျေးမှုကွဲပြားခြားနားမှုများကိုလက်ခံပြီး တန်းတူညီမျှသောပတ်သက်ဆက်နွယ်မှုကိုတည်ဆောက်ကာ ဒေသလူ့ဘောင်အဖွဲ့အစည်း၏ အဖွဲ့ဝင်အနေဖြင့် အတူတကွရှင်သန်နေထိုင်ခြင်း"
("လူမျိုးပေါင်းစုံပူးပေါင်းနေထိုင်ရေးစည်းရုံးလှုပ်ရှားမှုနှင့် ပတ်သက်သောသုတေသနအဖွဲ့အစီရင်ခံစာ" (2006ခုနှစ် ပြည်ထဲရေးဝန်ကြီးဌာန)

* ဤလမ်းစဉ်တွင် စစ်တမ်းအမည်၊ ကိုးကားစာရွက်စာတမ်းများတွင် ဖော်ပြထားသောစကားလုံးများကို ကောက်နှုတ်သောအခါမှလွဲ၍ "နိုင်ငံရပ်ခြားမှလာသူ" ဟူသောစကားလုံး ကိုအသုံးမပြုပဲ အောက်ပါအတိုင်း အဓိပ္ပာယ်ကောက်ယူ ထားပါသည်။

◇ **"မြို့သူ၊မြို့သား"**
တိုရှိမမြို့တွင်နေထိုင်သောသူ၊ မြို့တွင်အလုပ်လုပ်သောသူ
သို့မဟုတ် ကျောင်းတက်သောသူ

◇ **"ဂျပန်နိုင်ငံသားမြို့သူ၊မြို့သား"**
ဂျပန်နိုင်ငံသားဖြစ်သော မြို့သူ၊မြို့သား

◇ **"အခြားနိုင်ငံသားမြို့သူ၊မြို့သား"**
ဂျပန်မဟုတ်သောအခြားနိုင်ငံသား မြို့သူ၊မြို့သား

◇ **"နိုင်ငံခြားနှင့်ဆက်နွယ်မှုရှိသောဂျပန်နိုင်ငံသားမြို့သူ၊မြို့သား"**
1.ဂျပန်နိုင်ငံသားအဖြစ်လျှောက်ထားပြီးနောက် အသိအမှတ်ပြုခံထားရသောသူ
2.မိဘနှစ်ဦးလုံးသို့မဟုတ်တစ်ဦးသည် နိုင်ငံရပ်ခြားမှလာသူ ဖြစ်ပြီး
ဂျပန်နိုင်ငံသား အဖြစ်ခံယူထားသောမြို့သူ၊မြို့သား


◇ **"အခြားနိုင်ငံသား နေထိုင်သူ"**
"အခြားနိုင်ငံသား နေထိုင်သူ" အနက်

တိုရှိမ မြို့တွင် နေထိုင်ခွင့် မှတ်ပုံတင်ထားသူ

◇ **"အခြားနိုင်ငံသားစသည့်မြို့သူမြို့သား"**

"အခြားနိုင်ငံသားမြို့သူမြို့သား" နှင့် "နိုင်ငံခြားနှင့်ဆက်နွယ်မှုရှိသော ဂျပန်နိုင်ငံသားမြို့သူမြို့သား"

ဤမူဝါဒရှိဝေါဟာရများ၏အဓိပ္ပာယ်



# မာတိကာ


I အခြေခံမူဝါဒသတ်မှတ်ခြင်းနှင့်ပတ်သက်၍ .......... 5

1 သတ်မှတ်မှု၏နောက်ခံအကြောင်း .......... 5

2 အခြေခံမူဝါဒ၏ကဏ္ဍ .......... 6

II လက်ရှိအခြေအနေနှင့်ပြဿနာများ .......... 8

1 အခြားနိုင်ငံသား နေထိုင်သူများအခြေအနေ .......... 8

2 အဓိကပြဿနာ .......... 9

III လူမျိုးပေါင်းစုံပူးပေါင်းနေထိုင်ခြင်းအခြေခံယူဆချက် .......... 9

IV လူမျိုးပေါင်းစုံပူးပေါင်းနေထိုင်ခြင်းအခြေခံဆောင်ရွက်ချက်များ .......... 9

1 အခြားနိုင်ငံသားစသည့်မြို့သူ၊မြို့သားများနေထိုင်ရေးအတွက်ထောက်ပံ့ခြင်း .......... 9

(1) ဘာသာစကား၊စည်းကမ်းစသည်တို့ သင်ကြားခြင်းအတွက်ထောက်ပံ့ခြင်း .......... 10

(2) သတင်းအချက်အလက်ဖြန့်ဖြူးရေးစနစ်တည်ဆောက်ခြင်း .......... 10

(3) ထောက်ပံ့ရေးအဖွဲ့ အစည်းများနှင့်ပူးပေါင်းဆောင်ရွက်ခြင်း .......... 11

2 ပူးပေါင်းနေထိုင်ရေးအသိပညာပေးခြင်းနှင့်နှီးနှောဖလှယ်ခြင်းစည်းရုံးလှုပ်ရှားမှု .......... 11

(1) အသိပညာပေးခြင်း .......... 11

(2) နှီးနှောဖလှယ်ခြင်းစည်းရုံးလှုပ်ရှားမှု .......... 11

3 အခြားနိုင်ငံသားစသည့်မြို့သူ၊မြို့သားများ၏လှုပ်ရှားမှုအတွက်ထောက်ပံ့ခြင်း .......... 12

## I အခြေခံမူဝါဒသတ်မှတ်ခြင်းနှင့်ပတ်သက်၍

### 1 သတ်မှတ်မှု၏နောက်ခံအကြောင်း

လူမျိုးပေါင်းစုံပူးပေါင်းနေထိုင်ခြင်းနှင့်ပတ်သက်ပြီး ပြည်ထဲရေးဝန်ကြီးဌာနမှ "လူမျိုးပေါင်းစုံပူးပေါင်းနေထိုင်ရေး စည်းရုံးလှုပ်ရှားမှုနှင့်ပတ်သက်သော သုတေသနအဖွဲ့ အစီရင်ခံစာ" (2006ခုနှစ်)တွင် နိုင်ငံသား ကွဲပြားခြားနားသူများသည်တစ်ဦးနှင့် တစ်ဦး အသိအမှတ်ပြုပြီး တန်းတူညီမျှသော ဆက်နွယ်မှုကိုတည်ဆောက်ကာ ဒေသအဖွဲ့အစည်း၏အဖွဲ့ဝင်အနေဖြင့် အတူတကွ နေထိုင်သွားရန်ကိုဆိုလိုပါသည်။

တိုရှိမမြို့တွင် နိုင်ငံခြားမှအလည်အပတ်လာသူများ များပြားရုံသာမက အခြားနိုင်ငံသား နေထိုင်သူများမှာလည်း တိုးပွားလျက်ရှိပါသည်။ ဤမျှသော လူမျိုးပေါင်းစုံကို လက်ခံ၍ မြို့တစ်မြို့အနေဖြင့်တိုးတက်လာသောသမိုင်းကြောင်းရှိသည့် ဤမြို့တွင် မကြာသေးသည့်နှစ်များအတွင်း ဗီယက်နမ် မြန်မာ နီပေါ တို့အပြင် အာရှနိုင်ငံသားမြို့သူမြို့သားများ လျင်မြန်စွာ တိုးပွားလာနေပါသည်။

ထို့အတွက်ယခင်အသုံးပြုလာခဲ့သော အင်္ဂလိပ်၊ တရုတ်၊ ကိုရီးယား(တောင်ကိုရီးယား၊ မြောက်ကိုရီးယား) ဘာသာများဖြင့် သတင်းအချက်အလက် ဝေမျှခြင်း၊ ဂျပန်စာလေ့လာဆည်းပူးမှုကို ထောက်ပံ့ခြင်းများနှင့် ပတ်သက်၍လည်း အကြောင်းအရာနှင့် နည်းလမ်းများကိုပြန်လည်ဆန်းစစ်သုံးသပ်ရန်လိုအပ်လာပါသည်။

တဖန်ယခုအချိန်အထိ "ထောက်ပံ့မှု"ကို အဓိကထားခဲ့သော အခြားနိုင်ငံသားမြို့သူ၊ မြို့သားများအား ဆက်ဆံပုံအပြင် ပူးတွဲ နေထိုင်သွားရန်အမြင်ဖြင့် လက်ခံထားရှိသော ဒေသခံများဘက်မှလည်း "နားလည်မှု"၊ "ဆက်သွယ်မှု" နှင့် "လက်ခံမှု" စသည့်အချက်တို့မှာ အရေးကြီးလာပါသည်။

လူမျိုးပေါင်းစုံပူးပေါင်းနေထိုင်ရေး စည်းရုံးလှုပ်ရှားရာတွင်ယဉ်ကျေးမှုကွဲပြားခြားနားချက်များအတွင်းရှိ အပြန်အလှန်ခွဲခြားသတ်မှတ်မှုများမှ အပြန်အလှန်နားလည်မှုများ အဖြစ်တည်ဆောက်ရန်အတွက်အမျိုးမျိုးသော နည်းလမ်းများကို အပြန်အလှန်ပူးပေါင်းဆောင်ရွက်ခြင်းမှတဆင့် လူမျိုးပေါင်းစုံပူးပေါင်းနေထိုင်ခြင်း နှင့်ဆက်နွယ်နေသော

ပတ်ဝန်းကျင်ထိန်းသိမ်းရန် လိုအပ်ချက်မြင့်တက်လာကြောင်း ခန့်မှန်းရပါသည်။

၄င်းတို့အနက်မှအခြားနိုင်ငံသားမြို့သူမြို့သားများမှ ဂျပန်စာသင်ယူကာ ဂျပန်ယဉ်ကျေးမှုကို ပိုမိုနားလည်လာသည်နှင့်အမျှ ဂျပန်နိုင်ငံသား မြို့သူ၊ မြို့သားများသည် အခြားနိုင်ငံသားစသည့် မြို့သူမြို့သားများ တွင်ရှိထားသော သီးသန့်လူနေမှုဆိုင်ရာ ယဉ်ကျေးမှုကို အသိအမှတ်ပြုသော လက်ခံနားလည်မှု လိုအပ်လာခြင်း စသဖြင့်နှစ်ဖက်လုံးကို အသိပညာပေးကာ ပူးပေါင်းနေထိုင်မှုကို နားလည်သဘောပေါက်ရန်လိုအပ်ပါသည်။

ထို့အတွက် ဤမြို့တွင် "အခြားနိုင်ငံသားမြို့သူ၊ မြို့သားများနှင့် ဆက်ဆံမှု၊ မတူညီသောယဉ်ကျေးမှုဖလှယ်ခြင်းစသည်တို့ ပါဝင်သည့် လူမျိုးပေါင်းစုံ ပူးပေါင်းနေထိုင်ခြင်း စည်းရုံးလှုပ်ရှားမှုလမ်းစဉ်ကို ချမှတ်ရန်လုပ်ဆောင်ခဲ့ပါသည်။


သို့သော် ဤမြို့၏ "ကိုယ်ပိုင်အုပ်ချုပ်ရေးစည်းရုံးလှုပ်ရှားမှုနှင့် သက်ဆိုင်သော အခြေခံစည်းမျဉ်းများ (2006 ခုနှစ် အမှတ်1)" တွင် "ကွဲပြားခြားနားခြင်းကို လေးစားမှု" ကိုအဓိကအခြေခံအချက်အနေဖြင့် ဖော်ပြထားပါသည်။

၄င်းတို့အနက်မှနိုင်ငံများ၏လူမျိုးပေါင်းစုံပူးပေါင်းနေထိုင်မှုအဓိပ္ပာယ်နှင့်ဤမြို့ရှိ အခြားနိုင်ငံသား နေထိုင်သူများက နေထိုင်သူစုစုပေါင်း၏ တစ်ဆယ် ရာခိုင်နှုန်းကို ကျော်လွန်နေသော လက်ရှိအခြေအနေမှတဆင့် အခြား နိုင်ငံသားစသည့်မြို့သူ၊ မြို့သားများနှင့် နိုင်ငံခြားနှင့်ဆက်နွယ်မှုရှိသော ဂျပန်နိုင်ငံသားမြို့သူ၊မြို့သားများကို ဗဟိုပြုကာ လူမျိုးပေါင်းစုံပူးပေါင်း နေထိုင်ခြင်းနှင့်ဆက်နွယ်၍ စဉ်းစားလုပ်ဆောင်ခဲ့ပါသည်။


## 2 အခြေခံမူဝါဒ၏ကဏ္ဍ

ဤအခြေခံလမ်းစဉ်တွင် မြင့်မားသောစီမံကိန်းဖြစ်သည့် "တိုရှိမမြို့အခြေခံ စီမံကိန်း 2016-2025" ကိုအခြေခံပြီး တိုရှိမမြို့ရှိ လူမျိုးပေါင်းစုံပူးပေါင်းနေထိုင်ရေး စီမံချက်ကို သုံးသပ်ကာထပ်မံ၍ စည်းရုံးလှုပ်ရှားသွားရန်ရည်ရွယ်သည်။

## အခြေခံမူဝါဒ၏ကဏ္ဍ




## ဆက်စပ်အစီအစဉ်၏ကာလများ



## II လက်ရှိအခြေအနေနှင့်ပြဿနာများ

### 1 အခြားနိုင်ငံသားနေထိုင်သူများအခြေအနေ

တိုရှိမမြို့တွင်အာရှနိုင်ငံသားများ၊ အသက် ၂၀ တန်းများ၊ ပညာတော်သင်များ၊ တစ်ကိုယ်တည်းနေအခြားနိုင်ငံသား နေထိုင်သူများ များပြားနေပါသည်။ ဤနှစ်ပိုင်းများတွင် ပျမ်းမျှ လူဦးရေ2,000ထက်ပိုသောအရေအတွက်ဖြင့် နှစ်စဉ်တိုးပွားလျှက်ရှိပါသည်။ တဖန် အခြားနိုင်ငံသား နေထိုင်သူများ၏ နိုင်ငံစုံအရေ အတွက် (နိုင်ငံ100ကျော်) ဆက်လက်တိုးပွား နေပါသည်။

○အခြားနိုင်ငံသား နေထိုင်သူ : 30,384ဦး၊ပျမ်းမျှလူဦးရေ၏10.5% (2018.11.1 အထိ)

○နိုင်ငံအလိုက်အခြားနိုင်ငံသား နေထိုင်သူဦးရေ(ဦး)

・တရုတ်(14,323)၊ ဗီယက်နမ်(3,631)၊ နီပေါ(3,463)၊ ကိုရီးယားနှင့် မြောက်ကိုရီးယား (2,654)၊မြန်မာ(2,269)၊ ဖိလစ်ပိုင်(515)၊ အမေရိကန်(439)၊ ထိုင်းနှင့်ပြင်သစ်(285)၊ ဘင်္ဂလားဒေ့ရှ်(273)ဟူ၍အစဉ်အတိုင်းတိုးပွားလာပါသည်။

・ဤ၆နှစ်အတောအတွင်း ဗီယက်နမ်လူမျိုးနေထိုင်သူဦးရေ13ဆခန့်၊ နီပေါလူမျိုး နေထိုင်သူဦးရေ5ဆခန့်၊ မြန်မာလူမျိုးနေထိုင်သူဦးရေ2ဆ ခန့်ဖြစ်ပါသည်။

・အခြားနိုင်ငံသား နေထိုင်သူများရှိရာဒေသများမှာ အီခဲဘူခုရိုတွင် အများဆုံး ဖြစ်ပြီး ဆက်လက်ပြီး ဟီဂါးရှိအီခဲဘူခုရိုနှင့်ခိတအိုဆုကဟူ၍အစဉ်အတိုင်းဖြစ်ပါသည်။

・အသက်အရွယ်အရနေထိုင်သူဦးရေနှင့်အချိုးအစား : 20~29နှစ်မှာအများဆုံးဖြစ်ပြီး နေထိုင်သူများ၏ အရေအတွက်တဝက်ခန့် ရှိသည်။

・နေထိုင်ခွင့် : "ပညာတော်သင်" မှာအများဆုံးဖြစ်ပြီး၊ အခြားနိုင်ငံသား နေထိုင်သူများ တဝက်နီးပါးခန့် အချိုးအစားဖြစ်သည်။

・နေထိုင်သည့်ကာလ : "1နှစ်အထက်2နှစ်မပြည့်" အများဆုံးဖြစ်ပြီး ဆက်လက်၍ "3နှစ်အထက် 5နှစ်အောက်များ"လည်း ရှိသည်။

・အိမ်ထောင်စုလူဦးရေအလိုက်အခြားနိုင်ငံသား နေထိုင်သူများအိမ်ထောင်စု ဦးရေ : တစ်ယောက်တည်းနေထိုင်သောအိမ်ထောင်စုမှာ80ရာခိုင်နှုန်းအထက်ဖြစ်သည်။

## 2 အဓိကပြဿနာ

○အခြားနိုင်ငံသားမြို့သူ မြို့သားများ၊ အထူးသဖြင့် အင်္ဂလိပ်၊ တရုတ်၊ ကိုရီးယား (တောင်ကိုရီးယား၊ မြောက်ကိုရီးယား) မဟုတ်သော ဘာသာစကားများ ပြောဆိုသူများ) နှင့်ဂျပန်သို့ရောက်ရှိသည်မှာ မကြာသေးသော အခြားနိုင်ငံသားမြို့သူမြို့သားများထံ လိုအပ်သော နေထိုင်မှု သတင်းအချက်အလက်များရောက်ရှိ ခြင်းမရှိပါ။

○ဂျပန်သို့ရောက်ရှိသည်မှာ မကြာသေးသောအခြားနိုင်ငံသား စသည့် မြို့သူ မြို့သား များသည် လူနေမှုဘဝနှင့် ပတ်သက်သော စည်းကမ်း များနှင့် စနစ် (အမှိုက်ခွဲခြားခြင်း၊ အခွန်၊ ပြည်သူ့ကျန်းမာရေးအာမခံစသည်)တို့ကို နားလည်သဘောပေါက်ကာ အမျိုးမျိုး သောလုပ်ထုံးလုပ်နည်းများကို လုပ်ဆောင်ရန်မှာ ခက်ခဲသည့်အတွက် ဒေသခံများနှင့် ကတောက်ကဆဖြစ်နိုင်သည်။

○နိုင်ငံသားတူသောမြို့သူ၊ မြို့သား အသိုက်အဝိုင်းတစ်ခုတည်းဖြင့်လူနေမှုဘဝနှင့် အလုပ်များ ပြီးမြောက်နိုင်သောကြောင့် နီးနှောဖလှယ်ရန် လိုအပ် ချက်ကို မခံစားမိပဲ ဂျပန်လူမျိုးများနှင့် အတူတကွနေထိုင်သည်ဟူသော အသိစိတ် ဖြစ်မနေခြင်း ကို တစိတ်တပိုင်းတွေ့ရသည်။

## Ⅲ လူမျိုးပေါင်းစုံပူးပေါင်းနေထိုင်ခြင်းအခြေခံယူဆချက်

**လူမျိုးပေါင်းစုံပူးပေါင်းနေထိုင်ရာမြို့ရွာဖြစ်ရန်အကောင်အထည်ဖော်ရေး**

- နိုင်ငံနှင့်လူမျိုးမရွေးမြို့သူမြို့သားများသည်အမျိုးမျိုးသောတန်ဖိုးများ ပိုင်ဆိုင်ထားကြသည်။ နိုင်ငံရပ်ခြားမှလာသူများ အပါအဝင်အမျိုးမျိုးသောမြို့သူမြို့သားများသည်အချင်းချင်း လေးစားကာ လုံခြုံစွာနေထိုင်နိုင်သော လူမျိုးပေါင်းစုံပူးပေါင်းနေထိုင်ခြင်းကို စည်းရုံးလှုံ့ဆော်ကာ ကြွယ်ဝသော လူမှုအသိုက်အဝိုန်း ကိုတည်ထောင်ရန်ကြိုးပမ်းပါမည်။
- နိုင်ငံနှင့်လူမျိုးကွဲပြားခြားနားမှုကိုကျော်လွန်ကာ၊ ဒေသလူမှုအဖွဲ့အစည်း၏အဖွဲ့ဝင်အဖြစ် အတူတကွနေထိုင်သွားရန် လုပ်ဆောင်ချက်ကို စည်းရုံးလှုံ့ဆော်သွားပါမည်။

("တိုရိုမမြို့အခြေခံစီမံကိန်း2016-2025"မှကောက်နုတ်ချက်)

## Ⅳ လူမျိုးပေါင်းစုံပူးပေါင်းနေထိုင်ခြင်းအခြေခံဆောင်ရွက်ချက်များ

### 1 အခြားနိုင်ငံသားစသည့်မြို့သူ၊ မြို့သားများနေထိုင်ရေး အတွက် ထောက်ပံ့ခြင်း

### (1) ဘာသာစကား၊စည်းကမ်းစသည်တို့ သင်ကြားခြင်းအတွက်ထောက်ပံ့ခြင်း

ဂျပန်စာသင်ကျောင်းများတွင်ဂျပန်စာသင်ကြားခြင်းသည်အခြားနိုင်ငံသားစသည့်မြို့သူ၊ မြို့သားများအတွက်ဂျပန်လူနေမှုလောကသို့ ဝင်ရောက်ရန် အလွန် အရေးကြီးသောအရာဖြစ်သည်။

ဂျပန်ဘာသာသင်ကြားခြင်းနှင့်အတူဂျပန်တွင်နေထိုင်ရန်လိုအပ်သောဂျပန်နိုင်ငံ၏ စနစ်များနှင့်စည်းကမ်းများကိုနားလည်ရန်လည်း မျှော်လင့်ထားကြပါသည်။

ထိုသို့သင်ကြားခြင်းမှာ အခြားနိုင်ငံသားစသည့်မြို့သူမြို့သား များက မြို့သူမြို့သား အနေဖြင့် တာဝန်နှင့် အခွင့်အရေးကို မိမိဘာသာသိရှိနားလည်စေရန်အတွက် နိုင်ငံသားပညာရေး လည်း ဖြစ်ပါသည်။

ထိုသို့စည်းရုံးလှုံ့ဆော်ရန်အတွက် အခြား နိုင်ငံသားစသည့်မြို့သူမြို့သားများသည် လုပ်ငန်းခွင်နှင့်အတန်းပညာ စသောလူနေမှု ဟန်ချက် နှင့်အညီလှုပ်ရှားနိုင်စေရန်အတွက် ဂျပန်ဘာသာသင်ကြားနိုင်စေရေး အခွင့်အလမ်း များကို တိုးမြှင့်ပေးလျှက်ရှိပါသည်။

တဖန်ထိုအတွက် စေတနာဝန်ထမ်းများအဖြစ်မြို့သူမြို့သား များမှ ပါဝင်ထောက်ပံ့အားပေးသွားပါမည်။

### (2) သတင်းအချက်အလက်ဖြန့်ဖြူးရေးစနစ်တည်ဆောက်ခြင်း

မြို့မှဖြန့်ဝေသော သတင်းအချက်အလက်များတွင် လတ်တလော အရှေ့အာရှ အပြင်အာရှနိုင်ငံများမှ ရွှေ့ပြောင်းဝင်ရောက်လာသူများ တိုးပွားလာခြင်းအလိုက် ဘာသာစကား မျိုးစုံဖြင့်ထုတ်လွှင့်ကြေညာခြင်းများကို စဉ်းစားလုပ်ဆောင်သွားပါမည်။

ထို့အတူ SNSစာတိုစသဖြင့် အမျိုးမျိုးသော နည်းလမ်းများဖြင့်သတင်းအချက်အလက်များဖြန့်ဝေရန်စဉ်းစားသွားပါမည်။

တဖန်အသေးစိတ်အချက်အလက်များအထိ ရောက်ရှိစေရန် အဓိကပုဂ္ဂိုလ်ဖြစ်သည့် မြို့သူ၊မြို့သားများ၊ဆက်စပ်အဖွဲ့အစည်းများနှင့်ပူးပေါင်းသွားပါမည်။

အထူးသဖြင့်ဘေးအန္တရာယ်ရှိချိန်တွင်အခြားနိုင်ငံသားစသည့် မြို့သူမြို့သားများထံ သတင်းအချက်အလက်များဖြန့်ဝေရန်ထောက်ကူခြင်းနှင့် ဒုက္ခရောက်နေသူတို့အတွက် လိုအပ်သည်များကို ရပ်ကွက်အား အကြောင်းကြားပေးနိုင်သူများကို ပြုစုပျိုးထောင်သွားပါမည်။

### (3) ထောက်ပံ့ရေးအဖွဲ့ အစည်းများနှင့်ပူးပေါင်းဆောင်ရွက်ခြင်း

အခြားနိုင်ငံသားစသည့်မြို့သူမြို့သားများထံ ပိုမို၍ ထောက်ပံ့မှုများ ပေးနိုင်ရန် မြို့တွင်း ဂျပန်စာသင်ကျောင်းများနှင့် ထောက်ပံ့အဖွဲ့ အစည်းများကြားတွင်ဆက်သွယ်မှုကွန်ယက် ပေါ်ပေါက်စေရန်ထောက်ပံ့အားပေးကာ ပူးပေါင်း ဆက်သွယ်သွားပါမည်။

တဖန်အခြားနိုင်ငံသားစသည့် မြို့သူမြို့သားများ မည်သူ မဆို စိတ်လက်ပေါ့ပါးစွာ သတင်း အချက်အလက်များရရှိစေရန် မြို့၏ ဂန်ဆောင်မှု နှင့်ဂျပန်စာသင်ကျောင်းများ၊ ထောက်ပံ့အဖွဲ့ အစည်းများနှင့်သက်ဆိုင်သောသတင်းများကို ပိုမိုထုတ်လွှင့်သွားပါမည်။

## 2 ပူးပေါင်းနေထိုင်ရေးအသိပညာပေးခြင်းနှင့်နီးနှောဖလှယ်ခြင်းစည်းရုံးလှုပ်ရှားမှု

### (1) အသိပညာပေးခြင်း

ငယ်စဉ်မှစ၍လူမျိုးပေါင်းစုံပူးပေါင်းနေထိုင်ရေးကိုလက်ခံရန်သင်ကြားပေးခြင်းဖြင့်နိုင်ငံ တကာအသိအမြင်ခံစားမှုကြွယ်ဂသူများကိုပျိုးထောင်သွားပါမည်။

တဖန်မတူညီသောယဉ်ကျေးမှုများဆိုင်ရာသိမြင်နားလည်မှုများကိုနက်ရှိုင်းစေပြီး အခြားနိုင်ငံသားမြို့သူမြို့သားများထံ ဂျပန်နိုင်ငံသား မြို့သူမြို့သားများ အတူတကွ နေထိုင်ရန်အတွက် အသိပညာပေး သည့် အစီအစဉ်ကို စည်းရုံး လှုပ်ရှားသွား ပါမည်။

### (2) နီးနှောဖလှယ်ခြင်းစည်းရုံးလှုပ်ရှားမှု

အခြားနိုင်ငံသားစသည့်မြို့သူမြို့သားများသည်ယဉ်ကျေးမှုဖလှယ်သည့် လှုပ်ရှားမှု (ဂီတ၊ပန်းချီ၊အက၊အစားအစာစသဖြင့်)များ မှတဆင့် မြို့နှင့်ဒေသရှိပွဲတော်များတွင် အားတက်သရောပါဂင်နိုင်သော အခွင့်အရေးရစေ ရန် တည်ဆောက်ပါမည်။

တဖန် အခြားနိုင်ငံသားစသည့်မြို့သူမြို့သားများ အသိုက်အပိုင်းနှင့် ဂျပန်လူနေမှုဂန်းကျင်များကြားပေါင်းသင်းဆက်ဆံရေးဆုံမှတ်အနေဖြင့် မူလရှိနှင့်ပြီးသော ဒေသဆုံမှတ် (ဒေသခံများစုဂေးရာမြေကွက်လပ်ကျယ်) နှင့် ယဉ်ကျေးမှုဆုံမှတ် (စာကြည့်တိုက်နှင့် ဒေသယဉ်ကျေးမှုပြတိုက်) များကိုအသုံးပြုပြီး ယဉ်ကျေးမှုဖလှယ်သည့် ပုံစံဖြင့်ဘာသာ စကား သင်ကြားမှုကို စည်းရုံးလှုပ်ရှားသွားပါမည်။

## 3 အခြားနိုင်ငံသားစသည့်မြို့သူမြို့သားများ၏ လှုပ်ရှားမှုအတွက်ထောက်ပံ့ခြင်း

ယဉ်ကျေးမှုနှင့်သတင်းအချက်အလက်ဖလှယ်မှုဆောင်ရွက်ရာနေရာသတ်မှတ်ခြင်း၊ နိုင်ငံသားမတူညီသော နေထိုင်သူများအကြားအပြန်အလှန် နားလည်မှုတိုးတက်စေရန် ရည်ရွယ်ကာ နစ်ဦးနှစ်ဖက်ရှိလေ့ထုံးစံများကိုမိတ်ဆက်ပေးခြင်းနှင့်ယဉ်ကျေးမှုဖလှယ်ရေး အခွင့်အလမ်းများကို တိုးပွားစေခြင်းစသဖြင့်ဒေသတွင်းစနစ်များဖော်ဆောင် ထောက်ပံ့ သွားပါမည်။

တဖန်အခြားနိုင်ငံသားမြို့သူမြို့သားများ အသိုက်အဝန်းနှင့်ပူးပေါင်းကာ တူညီသော မြို့သူမြို့သားတစ်ဦးအနေဖြင့်ဒေသတွင်း ဖြေရှင်းရန်ကိစ္စများကို ဝေမျှသွားရန် နှိုးဆော်သွားပါမည်။

တိုကျိုမြို့လူမျိုးပေါင်းစုံပူးပေါင်းနေထိုင်ခြင်းစည်းရုံးလှုံ့ဆော်မှုအခြေခံလမ်းစဉ်

2019 မတ်လ

ထုတ်ဝေ　တိုကျိုမြို့မူဝါဒစီမံခန့်ခွဲရေးဌာန
လူမျိုးပေါင်းစုံပူးပေါင်းနေထိုင်ခြင်းစည်းရုံးလှုံ့ဆော်မှုတာဝန်ခံ
〒171-8422　တိုကျိုမြို့ မီနမိအီခဲဘူကုရို 2-45-1